PTTEP




# PTTEP MYANMAR ASSET

## EMPOWERING OPPORTUNITIES

ပီတီတီ ရေနံရှာဖွေရေးနှင့် တူးဖော်ထုတ်လုပ်ရေး မြန်မာ့စီမံကိန်း (ပီတီတီအီးပီ)

Passion to Explore for a Sustainable Future



# Message from Mr. Piya Sukhumpanumet, General Manager, PTTEP Myanmar Asset

Myanmar is PTT Exploration and Production Public Company Limited (PTTEP) first international venture in Southeast Asia. Arriving in the country more than 29 years ago, we have used our expertise and experience from the Gulf of Thailand to expedite our exploration and production activities in Myanmar.

Currently, we are working on 7 projects in Myanmar – each bringing its own interesting challenges which our multinational, multiskilled and highly professional workforce work together to overcome on a daily basis.

PTTEP is an organization which adheres closely to principles of good governance and stakeholder engagement. As Myanmar's long-term investor and partner, we are proud to contribute to Myanmar's sustainable development.

We look forward to continuing our collaboration with local government, businesses and communities to empower opportunities for the whole of Myanmar, and improve the people's economic and social well-being in the coming years.

ထိုင်း အများပိုင်ကုမ္ပဏီဖြစ်သော ပီတီတီရေနံရှာဖွေရေးနှင့် တူးဖော်ထုတ်လုပ်ရေးကုမ္ပဏီ (ပီတီတီအီးပီ) အတွက် မြန်မာနိုင်ငံသည် အရှေ့တောင် အာရှနိုင်ငံများ၌ နိုင်ငံတကာ လုပ်ငန်းအဖြစ် ကနဦး စတင် ဝင်ရောက်ခဲ့သော နိုင်ငံဖြစ်ပါသည်။ လွန်ခဲ့သော ၂၉ နှစ်ကျော် ကာလခန့်မှစတင်၍ မြန်မာနိုင်ငံသို့ ရောက်ရှိလုပ်ကိုင်ခဲ့သော ကျွန်ုပ်တို့ကုမ္ပဏီသည် ထိုင်းပင်လယ်ကွေ့မှရရှိသော မိမိ၏ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများကို မြန်မာနိုင်ငံတွင် ရေနံရှာဖွေခြင်းနှင့် တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများ၌ သွက်လက်မြန်ဆန်စွာ လုပ်ဆောင်နိုင်ရန်အတွက် အသုံးချဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိတွင်မြန်မာနိုင်ငံ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေရေး လုပ်ကွက်(၇) ခုတွင် ကျွန်ုပ်တို့ လုပ်ကိုင်လျက်ရှိပြီး အဆိုပါ လုပ်ကွက်တစ်ခုချင်းစီတွင် စိတ်ဝင်စားဖွယ် စိန်ခေါ်မှုများရှိပါသည်။ ယင်းစိန်ခေါ်မှုများကို ကျွန်ုပ်တို့၏ လူမျိုးပေါင်းစုံပါဝင်ပြီး ကဏ္ဍအလိုက် ကျွမ်းကျင်မှုများနှင့် ပေါင်းစည်းထားသော အဆင့်မြင့်တတ်ကျွမ်းသည့် ပညာရှင် လုပ်သားအင်အားများက နေ့စဉ်စိန်ခေါ်မှုများကို အောင်မြင်စွာ ကျော်လွှားနိုင်ရန် အတူတကွ လုပ်ကိုင်လျက်ရှိပါသည်။

ပီတီတီအီးပီသည် ကောင်းမွန်သော စီမံမှုကျင့်ဝတ်များနှင့် ပါဝင်ပတ်သက်နေသူများအား ညှိနှိုင်းဆွေးနွေးမှုများကို အထူးဂရုပြုလိုက်နာသော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ၏ ကာလရှည်ကြာ ယုံကြည်ရသော မိတ်ဖက်အနေဖြင့် ကျွန်ုပ်တို့သည် မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ်တိုးတက်မှုများအတွက် ပိုမိုအဆင့်မြင့်သောနေထိုင်မှုပုံစံများ ဖန်တီးပေးရန် စုပေါင်းပါဝင်သော ကြိုးပမ်းအားထုတ်မှုများ၏ တစ်စိတ်တစ်ဒေသအနေဖြင့် ပါဝင်လုပ်ဆောင်ရခြင်းကို ဂုဏ်ယူပါသည်။

ကျွန်ုပ်တို့သည် လာမည့်နှစ်များတွင် မြန်မာနိုင်ငံတစ်ခုလုံးရှိ အခွင့်အလမ်းများကို အားပေးမြှင့်တင်သွားရန်နှင့် ပြည်သူလူထု၏ လူမှုစီးပွားရေး အဆင်ပြေမှုအတွက် အစိုးရ၊ စီးပွားရေးလုပ်ငန်းများနှင့် လူထုတို့နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် မျှော်လင့်လျက်ရှိပါသည်။

# Vision

Leading Asian E&P company driven by competitive performance, advanced technology and green practices.

# Mission

PTTEP operates globally to provide a reliable energy supply and sustainable value to all stakeholders.

# မျှော်မှန်းချက်

ပြိုင်ဘက်ကင်းသောစွမ်းဆောင်ရည်၊ ဆန်းသစ်သော နည်းပညာနှင့် သဘာဝ ပတ်ဝန်းကျင်ကို ထိခိုက်မှုနည်းပါးသော လုပ်ငန်း ဆောင်ရွက်မှုများဖြင့် မောင်းနှင်သော အာရှရေနံရှာဖွေခြင်းနှင့်တူးဖော်ထုတ်လုပ်သည့် ဦးဆောင် ကုမ္ပဏီဖြစ်လာရန်။

# တာဝန်

ပီတီတီအီးပီက လုပ်ငန်းဆက်စပ်ပတ်သက်သူများအတွက် ယုံကြည်စိတ်ချရသောစွမ်းအင်ထောက်ပံ့မှုနှင့် ရေရှည်တည်တံ့သောတန်ဖိုးကို ပေးစွမ်းနိုင်ရန် ကမ္ဘာအနှံ့တွင် စီမံခန့်ခွဲလုပ်ဆောင်နေပါသည်။

# Corporate Values ကုမ္ပဏီ၏တန်ဖိုးများ

EP SPIRIT
*The way we work together*

- Explorer — စူးစမ်းလေ့လာခြင်း
- Passion — စိတ်အားထက်သန်ခြင်း
- Synergy — စုပေါင်းလုပ်ဆောင်ခြင်း
- Performance Excellence — စွမ်းဆောင်ရည် ပြောင်မြောက်ခြင်း
- Innovation — တီထွင်ဆန်းသစ်ခြင်း
- Responsibility for Society — လူ့အဖွဲ့အစည်းအတွက် တာဝန်ယူတတ်ခြင်း
- Integrity & Ethics — ရိုးသားဖြောင့်မတ်ခြင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ခြင်း
- Trust & Respect — စိတ်ချယုံကြည်ခြင်းနှင့် ရိုသေလေးစားခြင်း

# Sustainable Development Policy (G.R.O.W.T.H. Policy)

Organization and business sustainability are critical for achieving PTTEP's vision. PTTEP's principles for the promotion of Sustainable Development are:

**G**ood Governance, Risk Management, Control and Compliance, Business Ethics and Codes of Conduct shall be comprehensively and robustly applied to ensure value creation for all stakeholders.

**R**esponsible Operation shall be undertaken by managing all environmental aspects, in particular greenhouse gases, energy efficiency, water resource, biodiversity and waste-disposal, throughout project lifecycle and supply chain operation.

**O**ptimum Returns on capital shall be achieved by increased production and enhanced proven reserves by way of an embedded Operational Excellence culture.

**W**ealth Contribution shall be achieved through PTTEP's social development program to the people of the nations where we operate.

**T**echnologically Advanced Company shall be achieved by the application of E&P excellence and green technologies.

**H**igh Performance Organization shall be attained by systematically improving the efficiency of enterprise resource planning, human capital competency, and Safety, Security, Health and Environment (SSHE) management to be competitive in international arenas.

# စဉ်ဆက်မပြတ်တိုးတက်ဖွံ့ဖြိုးမှု မူဝါဒ (G.R.O.W.T.H. မူဝါဒ)

ပီတီတီအီးပီ၏ မျှော်မှန်းချက်အကောင်အထည်ပေါ်လာရန် အဖွဲ့အစည်း၏ လုပ်ငန်းရေရှည်တည်တံ့ခိုင်မြဲမှုများသည် အလွန်အရေးပါပါသည်။ စဉ်ဆက်မပြတ်တိုးတက်ဖွံ့ဖြိုးမှုကို မြှင့်တင်ရန် ပီတီတီအီးပီ၏ အခြေခံသဘောတရားများမှာ-

လုပ်ငန်းဆက်စပ်ပတ်သက်သူတိုင်းအတွက် ကောင်းမွန်စွာ စီမံခန့်ခွဲခြင်း၊ စွန့်စားမှုကို ထိန်းချုပ်လုပ်ဆောင်ခြင်း၊ ထိန်းချုပ်ခြင်းနှင့် လေးစားလိုက်နာခြင်း၊ လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်နှင့် လုပ်ထုံးလုပ်နည်းများကို ပြည့်စုံတိကျစွာ အသုံးချခြင်း၊

တာဝန်ရှိသော လုပ်ငန်းဆောင်ရွက်မှုသည် စီမံကိန်းသက်တမ်းစက်ဝန်းနှင့် ထောက်ပံ့ဖြည့်ဆည်းရေး ကွင်းဆက်လုပ်ဆောင်ခြင်းများတွင် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ကဏ္ဍများအားလုံးကို စီမံခန့်ခွဲခြင်းဖြင့် လုပ်ဆောင်ရမည်ဖြစ်ပြီး အထူးသဖြင့် ဖန်လုံအိမ်အာနိသင်၊ စွမ်းအင်ထိရောက်မှု၊ ရေအရင်းအမြစ်၊ ဇီဝမျိုးကွဲများနှင့် စွန့်ပစ်ပစ္စည်းများ စွန့်ထုတ်ခြင်းများလုပ်ဆောင်ခြင်း၊

ငွေလုံးငွေရင်းပေါ်တွင် အကောင်းဆုံးအမြတ်ရရှိမှုမှာ လုပ်ငန်းဆောင်ရွက်ရာတွင် ထူးချွန်သောအလေ့အထကို မြှုပ်နှံလုပ်ဆောင်ခြင်းအားဖြင့် ထုတ်လုပ်မှု တိုးမြှင့်ခြင်းနှင့် သီးသန့်ထားရှိပြီးဖြစ်သည့် ရေနံ၊ သဘာဝဓာတ်ငွေ့သိုက်ပမာဏကို တိုးမြှင့်စေခြင်း၊

ပီတီတီအီးပီ၏ လူမှုဖွံ့ဖြိုးရေးအစီအစဉ်မှတစ်ဆင့် ကျွန်ုပ်တို့လုပ်ငန်းလည်ပတ်ဆောင်ရွက်နေသည့် နေရာများတွင်ရှိသော ပြည်သူများအတွက် အပြောက်အမြား ကူညီထောက်ပံ့မှုများပြုလုပ်ခြင်း၊

ရှာဖွေရေးနှင့် တူးဖော်ထုတ်လုပ်ရေးထူးချွန်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးသော နည်းပညာများကို အသုံးပြုခြင်းဖြင့် ကုမ္ပဏီမှ နည်းပညာဆိုင်ရာ တိုးတက်မှုများ ရရှိနိုင်ခြင်း၊

အဖွဲ့အစည်း၏ ထိရောက်သော လုပ်ဆောင်ချက်များမှ လုပ်ငန်းအရင်းအမြစ်များ စီမံဆောင်ရွက်မှုစနစ်တကျ တိုးတက်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ် စွမ်းဆောင်ရည်နှင့် ဘေးအန္တရာယ် ကင်းရှင်းရေး၊ လုံခြုံရေး၊ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး စီမံခန့်ခွဲမှုများကို နိုင်ငံတကာနယ်ပယ်တွင် ပြိုင်ဘက်ကင်းစွာ လုပ်ဆောင်ခြင်းဖြင့် ရယူနိုင်ခြင်း။

# PTTEP Myanmar Asset Projects

## Operator

### Offshore projects

1. Zawtika project (M9 block)
2. Myanmar M3 Project (M3 block)
3. Myanmar M11 Project (M11 block)
4. Myanmar MD-7 Project (MD-7 block )

### Onshore project

5. Myanmar MOGE 3 Project (MOGE 3 block)

## Non-Operator

6. Yadana Project (M5 and M6 blocks)
7. Yetagun Project (M12, M13 and M14 blocks)

## PTTEP Subsidiaries

- PTTEP International Limited, Yangon Branch (PTTEPI)
- PTTEP South Asia Limited (PTTEP SA)
- Andaman Transportation Limited (ATL)

# ပီတီတီအီးပီ၏ မြန်မာ့စီမံကိန်းများ

## Operator

### ကမ်းလွန် စီမံကိန်း

1. ဇောတိက စီမံကိန်း (M9 လုပ်ကွက်)
2. မြန်မာ M3 စီမံကိန်း (M3 လုပ်ကွက်)
3. မြန်မာ M11 စီမံကိန်း (M11 လုပ်ကွက်)
4. မြန်မာ MD-7 စီမံကိန်း (MD-7 လုပ်ကွက်)

### ကုန်းတွင်း စီမံကိန်း

5. မြန်မာ MOGE 3 စီမံကိန်း (MOGE 3 လုပ်ကွက်)

## Non-Operator

6. ရတနာ စီမံကိန်း (M5 နှင့် M6 လုပ်ကွက်များ)
7. ရဲတံခွန် စီမံကိန်း (M12, M13, M14 လုပ်ကွက်များ)

## ပီတီတီအီးပီ လက်အောက်ခံကုမ္ပဏီခွဲများ (Subsidiaries)

- ပီတီတီအီးပီ အင်တာနေရှင်နယ် လီမိတက်၊ ရန်ကုန်ရုံးခွဲ (PTTEPI)
- ပီတီတီအီးပီ တောင်အာရှ လီမိတက် (PTTEP SA)
- အန်ဒမန်သယ်ယူပို့ဆောင်ရေး လီမိတက် (ATL)







# Zawtika Project

Located in the Gulf of Mottama, approximately 300 kilometres Southwest of Yangon, Zawtika is one of PTTEP's key projects in Southeast Asia. The project is significant not just in terms of its scale, but also because of the boost, it will provide to domestic gas production during a time of economic growth and increasing energy demands both in Myanmar and Thailand.

The project is operated by PTTEP International Limited, Yangon Branch (PTTEPI), a subsidiary of PTTEP. PTTEPI holds 80% of the participating interest with its joint venture partner, Myanma Oil and Gas Enterprise (MOGE) holding the remaining 20%.

In 2014, the project successfully supplied its first gas production to Myanmar and Thailand. Currently, the Zawtika gas field yields a production rate of approximately 300 - 345 million cubic feet of natural gas per day (MMSCFD).

At present, the installation of 4 wellhead platforms under Phase 1C of the Zawtika Project has been completed and the project continues to maintain its production as planned.

The Zawtika project is part of a unique group of large-scale offshore gas field discoveries and developments that PTTEP operates outside of Thailand.

The company employs the best of modern technology to ensure that its facilities are of the highest possible standard currently available in the exploration and production industry, without compromising any aspect of safety, health or environmental protection.

## Key Milestones of Zawtika Project

- 2003 Signed a Production Sharing Contract (PSC) for M9 block
- 2007 Discovered natural gas in M9 block
- 2009 Ministry of Electricity and Energy named the venture "Zawtika Project"
- 2014 First gas production delivered to Myanmar and Thailand
- 2015 Completed installation of 1st wellhead platform under Zawtika Phase 1B
- 2016 Sanctioned Zawtika Phase 1C
- 2017 Completed installation of 9th wellhead platform of Zawtika Phase 1C
- 2018 Completed installation of 8th,10th and 11th wellhead platform of Zawtika Phase 1C






# ဇောတိကစီမံကိန်း

ဇောတိကသည် အရှေ့တောင်အာရှတွင်ရှိသော ပီတီတီအီးပီ၏ အဓိကအရေးပါသော စီမံကိန်းများထဲမှ တစ်ခုဖြစ်ပြီး ရန်ကုန်မြို့၏ အနောက်တောင်ဘက် ခန့်မှန်းခြေကီလိုမီတာ (၃၀၀) အကွာအဝေးရှိ မုတ္တမပင်လယ်ကွေ့တွင် တည်ရှိပါသည်။ ဇောတိကသည် ၎င်း၏ ပမာဏအနေဖြင့်သာမက မြန်မာနိုင်ငံ နှင့် ထိုင်းနိုင်ငံ နှစ်နိုင်ငံ အတွက် တိုးတက်လာသော စွမ်းအင်လိုအပ်ချက်နှင့် စီးပွားရေး ကြီးထွားလာသည့်ကာလအတွင်း သဘာဝဓာတ်ငွေ့ တိုးမြှင့်ထုတ်လုပ်ခြင်းကြောင့် ပြည်တွင်းသဘာဝ ဓာတ်ငွေ့ထုတ်လုပ်မှု ဖြည့်ဆည်းပေးခြင်းအတွက်လည်း အရေးပါပါသည်။

အဆိုပါ စီမံကိန်းကို ပီတီတီအီးပီ၏ လက်အောက်ခံ ကုမ္ပဏီဖြစ်သော ပီတီတီအီးပီ အင်တာနေရှင်နယ်လီမိတက် ရန်ကုန်ရုံးခွဲ (ပီတီတီအီးပီအိုင်) ကလုပ်ဆောင်လျက်ရှိပါသည်။ ပီတီတီအီးပီအိုင်သည်ရင်းနှီးမြှုပ်နှံမှု အစုရှယ်ယာ ၈၀% ကို ပိုင်ဆိုင်ထားပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) မှ ကျန်ရှိသော ၂၀% ကို ပိုင်ဆိုင်ထားကာ အကျိုးတူ ပူးပေါင်းလုပ်ကိုင်လျက်ရှိပါသည်။ ၂၀၁၄ ခုနှစ်တွင် ဇောတိကစီမံကိန်းမှပထမဆုံးထွက်ရှိလာသော သဘာဝဓာတ်ငွေ့ကို မြန်မာနိုင်ငံ နှင့် ထိုင်းနိုင်ငံ၂ခုလုံး အတွက် အောင်မြင်စွာပေးပို့နိုင်ခဲ့ပါသည်။ လက်ရှိတွင်ဇောတိက သဘာဝဓာတ်ငွေ့မြေမှ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ ခန့်မှန်းခြေ ကုဗပေသန်းပေါင်း(၃၀၀)မှ(၃၄၅)သန်းကိုထုတ်လုပ်လျက်ရှိပါသည်။

လက်ရှိတွင် Phase 1C အတွက် တွင်းတူးစင် (၄)ခုကို တပ်ဆင်ပြီးစီးခဲ့ပြီး စီမံထားသည့်အတိုင်း ၎င်း၏ ထုတ်လုပ်မှုကို ဆက်လက်ထိန်းသိမ်းထားပြီး ဖြစ်ပါသည်။ ဇောတိကစီမံကိန်းသည် ပီတီတီအီးပီ၏ ထိုင်းနိုင်ငံပြင်ပတွင် လုပ်ဆောင်လျက်ရှိသော အကြီးစား ကမ်းလွန်သဘာဝဓာတ်ငွေ့မြေ တွေ့ရှိမှုများနှင့်ဖွံ့ဖြိုးရေး လုပ်ငန်းများ၏ တစ်မူထူးခြားသော ရှာဖွေတွေ့ရှိမှု အုပ်စုတွင် ပါဝင်လျက်ရှိပါသည်။ ကုမ္ပဏီက ရေနံရှာဖွေရေးနှင့် တူးဖော်ထုတ်လုပ်ရေးနယ်ပယ်တွင် ရရှိနိုင်သည့် အကောင်းဆုံး ခေတ်မီနည်းပညာစံနှုန်းဖြင့် ကိုက်ညီသော ပစ္စည်းကိရိယာများကို အသုံးပြုကာ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး သို့မဟုတ် ပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်ရေးတို့အတွက် ရှုထောင့်ပေါင်းစုံမှ လစ်ဟာမှု မရှိစေရန် ဆောင်ရွက်လျက်ရှိပါသည်။

## ဇောတိကစီမံကိန်း၏ အဓိကသမိုင်းမှတ်တိုင်များ

- ၂၀၀၃ခုနှစ် လုပ်ကွက် M9 အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။
- ၂၀၀၇ခုနှစ် လုပ်ကွက် M9 တွင် သဘာဝဓာတ်ငွေ့တွေ့ရှိခဲ့သည်။
- ၂၀၀၉ခုနှစ် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ "ဇောတိကစီမံကိန်း" ဟုအမည်ပေးခဲ့သည်။
- ၂၀၁၄ခုနှစ် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအတွက် ပထမဆုံးအနေဖြင့် သဘာဝဓာတ်ငွေ့ပေးပို့နိုင်ခဲ့သည်။
- ၂၀၁၅ခုနှစ် ဇောတိက Phase 1B ၏ ပထမဆုံးတွင်းတူးစင်ကို တပ်ဆင်ပြီးစီးခဲ့သည်။
- ၂၀၁၆ခုနှစ် ဇောတိက Phase 1C အတွက် ခွင့်ပြုမိန့်ရရှိခဲ့သည်။
- ၂၀၁၇ခုနှစ် ဇောတိက Phase 1C ၏ ၉ခုမြောက် တွင်းတူးစင်ကို တပ်ဆင်ပြီးစီးခဲ့ပါသည်။
- ၂၀၁၈ခုနှစ် ဇောတိက Phase 1C ၏ ၈ခု၊ ၁၀ခု နှင့် ၁၁ခုမြောက် တွင်းတူးစင်တို့ကို တပ်ဆင်ပြီးစီးခဲ့ပါသည်။

# PTTEP SSHE Management System

The PTTEP SSHE Management System (SSHE MS) is an integrated management tool that defines our corporate SSHE vision and missions. It is an essential part of PTTEP's business and provides the principles for conducting any PTTEP operations with regards to safety, security, health and environment.

Effective implementation of the PTTEP SSHE MS will build a solid foundation for our SSHE Culture and underpin our License to Operate.




1. Leadership and Commitment
Top-down commitment and SSHE culture

2. Policy and Strategic Objectives
Corporate intentions, principles of action and aspirations

3. Organization, Resources and Documentation
Organization of people, resources and documentation

4. Evaluation and Risk Management
Identification and evaluation of SSHE risks for all activities and development of risk reduction measures

5. Planning and Operational Control
Planning the conduct of work activities, management of planning for change and emergency response

6. Implementation and Monitoring
Performance and monitoring of activities and actions to be taken

7. Audit and Review
Periodic assessments of SSHE MS performance, effectiveness and fundamental suitability

SSHE success is driven by our Staff and Contractor personnel working closely together at all levels of the organization. Various SSHE activities have been carried out throughout the year to enhance our SSHE Management System and the capability of our personnel:

- SSHE Planning and Key Performance Indicators
- ISO14001 Implementation
- SSHE training, exercises, risk assessments, inspections, audits and reviews

PTTEP Myanmar Asset is committed to achieve Target Zero: "Nobody Gets Hurt from our Operations", and will continue its efforts for further improvement of the PTTEP Myanmar Asset SSHE Culture.



# ပီတီတီအီးပီ SSHE စီမံခန့်ခွဲမှုစနစ်

ပီတီတီအီးပီ SSHE စီမံခန့်ခွဲမှုစနစ် (SSHE MS) သည် ကျွန်ုပ်တို့ SSHE ၏ လုပ်ငန်းခံယူချက်နှင့် အမြင်တို့ကို သတ်မှတ်ပေါင်းစပ်ထားသော စီမံခန့်ခွဲမှုပုံစံဖြစ်ပါသည်။ ဤကဏ္ဍသည် ပီတီတီအီးပီ လုပ်ငန်းလုပ်ဆောင်ရာတွင် မရှိမဖြစ်လိုအပ်ပြီး ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေး၊ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့နှင့် ပတ်သက်သော ပီတီတီအီးပီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို လုပ်ဆောင်ရန်အတွက် မူဝါဒများကို ချမှတ်ပေးထားပါသည်။ ပီတီတီအီးပီ (SSHE MS) ၏ ထိရောက်သော အကောင်အထည်ဖော်ဆောင်မှုများသည် လုပ်ငန်းလုပ်ဆောင်ရန် လိုင်စင်အတွက် ကျောထောက်နောက်ခံဖြစ်သော SSHE ထုံးတမ်းစဉ်လာအတွက် ခိုင်မာသောအုတ်မြစ်ကိုချမည် ဖြစ်ပါသည်။




၁) ဦးဆောင်မှုနှင့် ကတိကဝတ်
ယေဘုယျမှ အသေးစိတ်အထိ ကတိကဝတ်ပြုခြင်းနှင့် SSHE ထုံးတမ်းစဉ်လာ

၂) မူဝါဒ နှင့် မဟာဗျူဟာရည်ရွယ်ချက်
လုပ်ငန်းရည်ရွယ်ချက်၊ လုပ်ဆောင်ချက်နှင့် မျှော်မှန်းချက်အတွက်မူဝါဒ

၃) အဖွဲ့အစည်း၊ အရင်းအမြစ်နှင့် စာရွက်စာတမ်း
လူများ၏ အဖွဲ့အစည်း၊ အရင်းအမြစ်နှင့် စာရွက်စာတမ်း

၄) အကဲဖြတ်ခြင်းနှင့် စွန့်စားမှုကို ထိန်းချုပ်လုပ်ဆောင်ခြင်း
လုပ်ငန်းများအားလုံးတွင် SSHE စွန့်စားမှုများကို ခွဲခြားသတ်မှတ် အကဲဖြတ်ပြီး စွန့်စားမှုလျော့နည်းရေး အတိုင်းအတာများတိုးမြှင့်ခြင်း

၅) စီမံကိန်းရေးဆွဲခြင်းနှင့် လုပ်ငန်းလည်ပတ်မှုကို ပဲ့ကိုင်ခြင်း
လုပ်ငန်းဆောင်တာ လုပ်ထုံးလုပ်နည်းကို စီမံကိန်းဆွဲခြင်း၊ အပြောင်းအလဲနှင့် အရေးပေါ်အခြေအနေများကို တုံ့ပြန်ရန် ရေးဆွဲထားသော အစီအစဉ်များအား စီမံခန့်ခွဲခြင်း။

၆) အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်ခြင်း
ဆောင်ရွက်ရမည့် လုပ်ဆောင်ချက်များနှင့် အရေးယူရမည့်အချက်များကို စောင့်ကြည့်ပြီး ဆောင်ရွက်ခြင်း။

၇) စစ်ဆေးခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း
SSHE ၏ စီမံခန့်ခွဲမှု လုပ်ဆောင်ချက်ကို ပုံမှန် စစ်ဆေးခြင်း၊ ထိရောက်မှု ရှိစေခြင်းနှင့် အခြေခံကျကျ သင့်လျော်မှုရှိစေခြင်း။

SSHE အောင်မြင်မှုသည် အဖွဲ့အစည်း၏ လုပ်ငန်းအဆင့်တိုင်းတွင် ဝန်ထမ်းများ နှင့် ကန်ထရိုက်တာများမှ နီးကပ်စွာ အတူတကွ လုပ်ဆောင်ခဲ့ခြင်း၏ တွန်းအားကြောင့် ဖြစ်ပါသည်။ SSHE ၏ အမျိုးမျိုးသော လုပ်ဆောင်ချက်များသည် နှစ်ကာလများတစ်လျှောက်လုံးတွင် SSHE စီမံခန့်ခွဲမှုစနစ်၏ ရင့်ကျက်မှုကို ပိုမိုကောင်းမွန် တိုးတက်စေရန်ဖြစ်ပြီး ကျွန်ုပ်တို့ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များမှာ

- SSHE စီမံရေး နှင့် အဓိကလုပ်ဆောင်ချက်အညွှန်းများ
- ISO 14001 အကောင်အထည်ဖော်ခြင်း
- SSHE သင်တန်း၊ လေ့ကျင့်ခန်းများ၊ စွန့်စား၍ချင့်ချိန်ဆုံးဖြတ်ရခြင်းများ၊ စစ်ဆေးခြင်း၊ စာရင်းစစ်ခြင်း နှင့် သုံးသပ်ခြင်းများ

ပီတီတီအီးပီ၏ မြန်မာ့စီမံကိန်းတွင် ကျွန်ုပ်တို့သည် "မည်သူတစ်ဦးတစ်ယောက်မှ ထိခိုက်မှုမရှိစေရေး" ရည်မှန်းချက်ဖြစ်သည့် 'Target Zero' ကို အောင်မြင်မှုရရှိရေးအတွက် အခိုင်အမာဆုံးဖြတ်ထားပြီး ပီတီတီအီးပီ၏ မြန်မာ့စီမံကိန်းများတွင် SSHE ထုံးတမ်းစဉ်လာကို ပိုမိုတိုးတက် ရေရှည်ဆက်ဆောင်ရွက်နိုင်ရန် မိမိတို့၏ ကြိုးစားအားထုတ်မှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

# PTTEP Myanmar Asset CSR Programs

PTTEP Myanmar Asset is committed to operate in a socially responsible manner. Since late 2008, we have initiated and implemented a variety of Corporate Social Responsibility Programs (CSR) in the areas of Basic Needs, Education, Environment and Culture across the Company's operational areas. Thousands of Myanmar people are benefitting directly from our continuing CSR programs each year.

As Myanmar's long-term trusted partner and friend, we will continue to build people's life and supporting Myanmar's aspirations for a better future through our collaborations with local government, businesses and communities.

# မြန်မာ့စီမံကိန်း လူမှုစီးပွားလုပ်ဆောင်မှု အစီအစဉ်များ

ပီတီတီအီးပီမြန်မာ့စီမံကိန်းသည်လူမှုရေးဆိုင်ရာတာဝန်သိရှိသည့်ပုံစံဖြင့် လုပ်ငန်းများလည်ပတ်ဆောင်ရွက်ရန် အခိုင်အမာဆုံးဖြတ်ထားပြီးဖြစ်ပါသည်။ ၂၀၀၈ ခုနှစ်နှောင်းပိုင်း ကာလမှစတင်၍ ကျွန်ုပ်တို့သည် မတူကွဲပြားသော လူမှုစီးပွားလုပ်ဆောင်မှုအစီအစဉ် များကို အစပျိုးအကောင်အထည်ဖော် ဆောင်ရွက်ပြီးကုမ္ပဏီ၏ လုပ်ငန်းလုပ်ဆောင်လျက်ရှိသော နေရာဒေသများတွင်ယဉ်ကျေးမှု၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာထိန်းသိမ်းရေးနှင့်သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သော နေရာများတွင် အခြေခံ လိုအပ်ချက်များကို ပံ့ပိုးပေးခြင်းတို့ကဲ့သို့သော ကျွန်ုပ်တို့၏ ဒေသတွင်း အဖွဲ့အစည်းများကြားတွင် ပညာရေးနှင့် ကျန်းမာရေးဖွံ့ဖြိုးရေးကို အာရုံစိုက် လုပ်ဆောင်နေပါသည်။

ထောင်ပေါင်းများစွာသော မြန်မာနိုင်ငံသားများသည် နှစ်စဉ် စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိသော လူမှုစီးပွားလုပ်ဆောင်မှု အစီအစဉ်များမှ အကျိုးကျေးဇူးများကို တိုက်ရိုက်ရရှိ ခံစားနေကြရပါသည်။ မြန်မာနိုင်ငံ၏ကာလရှည်မိတ်ဖက်အနေဖြင့် ကျွန်ုပ်တို့ယုံကြည်စွဲကိုင်ထားသော "အခွင့်အလမ်းများ မြှင့်တင်ခြင်း" ဆောင်ပုဒ်အတိုင်း အစိုးရ၊ စီးပွားရေးမိတ်ဖက်နှင့် ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် ပိုမိုကောင်းမွန်သော အနာဂတ်အတွက် မြန်မာနိုင်ငံ၏ ရည်မှန်းချက်ကို ပံ့ပိုးပေးကာ နိုင်ငံသားများ၏ဘဝ တည်ဆောက်ပေးရန် ကျွန်ုပ်တို့က သန္နိဋ္ဌာန်ချ ဆောင်ရွက်လျက်ရှိပါသည်။




Annual Kathina Robe Offering and Religious Support



Parasite-Free School Program



Kathina Robe Offering Ceremony at Yephyu Township




Technical Capability Building and Development Program Graduation Ceremony




Big Cleaning Day at Phaung Daw Village



PTTEPI Green Up Tree Plantation



School Upgrading Handover Event



Backpack Contribution



Mobile Health Check



Waste Bin Contribution

PTTEP

Passion to Explore for a Sustainable Future

www.pttep.com